




**NY State of Health သည် နယူးယောက်ပြည်နယ်၏ တရားဝင် ကျန်းမာရေးအစီအစဉ်များအတွက် ဈေးကွက်တစ်ခုဖြစ်သည်။**

ကျွန်ုပ် အမည်စာရင်း မည်သို့ပေးသွင်းရမည်နည်း။

အွန်လိုင်းဖြင့် nystateofhealth.ny.gov တွင် ဆက်သွယ်နိုင်သည်

ဖုန်းမှ 1-855-355-5777 တွင် ဆက်သွယ်နိုင်သည်။
TTY
1-800-662-1220

လူကိုယ်တိုင် ကူညီပေးသူထံ info.nystateofhealth.ny.gov/find-assistor တွင် သွားရောက်ပါ

NY State of Health သည် သက်ဆိုင်ရာ ဖက်ဒရယ်အရပ်သားလုပ်ပိုင်ခွင့်ဥပဒေများနှင့် နိုင်ငံတော် ဥပဒေများကို လေးစားလိုက်နာပြီး လူမျိုး၊ အသားအရောင်၊ ဇာတိနိုင်ငံ၊ ကိုးကွယ်မှု/ယုံကြည်မှု၊ လိင်၊ အသက်၊ အိမ်ထောင်ရေးအခြေအနေ/မိသားစု အခြေအနေ၊ ဖမ်းဆီးခံရမှု မှတ်တမ်း၊ ပြစ်မှု ကျူးလွန်ထားမှု(များ)၊ လိင် ခွဲခြားသတ်မှတ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ ပင်ကိုမျိုးရိုးဗီဇဆိုင်ရာ စရိုက်လက္ခဏာများ၊ စစ်မှုထမ်း အခြေအနေ၊ အိမ်တွင်း အကြမ်းဖက်မှုခံရမှု အခြေအနေ နှင့်/သို့မဟုတ် လက်တုံ့ပြန်မှုအပေါ် အခြေခံပြီး ခွဲခြားဆက်ဆံခြင်းမရှိပါ။

**NY State of Health** အစီအစဉ်အားလုံးက နှစ်စဉ် စစ်ဆေးမှုများနှင့် စစ်ထုတ်မှုများအတွက် ကာကွယ်မှုဆိုင်ရာ အကျိုးခံစားခွင့်များကို အခမဲ့ပေးထားပါသည်...
**သို့သော် အချို့အစီအစဉ်များတွင် သင့်နုတ်လျှော့မှုများ မပြည့်မီသော်လည်း ဖျားနာသည့်အခါ ဆရာဝန်ထံ သွားရောက်မှုများပါ ပါဝင်သည်ကို** သင်သိပါသလား။

## 1 ဖျားနာ၍ ဆေးခန်းသွားခြင်းမှာ အဘယ်နည်း။

- ဖျားနာ၍ ဆေးခန်းသွားခြင်းဟူသည်မှာ တုပ်ကွေး သို့မဟုတ် နာပိတ်ကူးရောဂါကဲ့သို့ နာမကျန်းမှုဖြစ်သည့်အခါ ဆရာဝန်ထံ သွားရောက်မှုကို ခေါ်ပါသည်။[1]

## 2 နုတ်လျှော့သည့်အလုပ် မတိုင်မီ ဖျားနာ၍ ဆေးခန်းသွားခြင်း အကုန်အကျကို မည်ကဲ့သို့ အစီအစဉ်များ ပြုလုပ်သနည်း။

- နုတ်လျှော့မှုဟူသည်မှာ သင့်အစီအစဉ်တွင် ကာကွယ်မှုဆိုင်ရာ အကျိုးခံစားခွင့်များ မဟုတ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ မပါဝင်မီ သင်ပေးရမည့် ပမာဏဖြစ်ပါသည်။
- **အချို့အစီအစဉ်များက သင့်နုတ်လျှော့မှုများမပြည့်မီ ဖျားနာ၍ ဆေးခန်းသွားခြင်းများအတွက် ပေးချေပါမည်။**
- ဆိုလိုသည်မှာ သင်သည်ဈေးပိုသက်သာသော အစီအစဉ်ကို ဝယ်နိုင်ပြီး သင့်နုတ်လျှော့မှုများမပြည့်မီတွင် အကျုံးဝင်သော သင်နှင့်သင့်မိသားစုဝင်တစ်ဦးစီအတွက် အခမဲ့ သို့မဟုတ် ဈေးသက်သာသော ဖျားနာ၍ ဆေးခန်းသွားခြင်း သုံးခု ရရှိပါမည်။
- ပူးတွဲပေးချေမှုရှိနေပါက ၎င်းအတွက် ဆက်လက်၍ ငွေပေးချေရဦးမည် ဖြစ်ပါသည်။

nystateofhealth™
The Official Health Plan Marketplace




## 3 သင်၏နှုတ်လျှော့မှုများမပြည့်မီ မည်သည့် NY State of Health အစီအစဉ်များက ဖျားနာ၍ ဆေးခန်းသွားခြင်း အကျုံးဝင်ပါသနည်း။

- 2020 တွင် **စံသတ်မှတ်ထားသည့် ကြေးတံဆိပ်အစီအစဉ်အားလုံးတွင်** မည်သည့်ပူးတွဲပေးချေမှု သို့မဟုတ် နှုတ်လျှော့မှုများ မရှိဘဲ ဖျားနာ၍ ဆေးခန်းသွားခြင်း သုံးခု အခမဲ့ပါဝင်ပါမည်။
- အချို့သော **ရွှေနှင့်ငွေတံဆိပ် အစီအစဉ်များတွင** နှုတ်လျှော့မှုများမပြည့်မီ ဖျားနာ၍ ဆေးခန်းသွားခြင်း သုံးခု ပါဝင်ပါမည်။[2]
- **စံပလက်တီနမ်တံဆိပ် အစီအစဉ်များတွင်** နှုတ်လျှော့မှုများ မရှိပါ။

## 4 နှုတ်လျှော့မှုများမပြည့်မီ ဖျားနာ၍ ဆေးခန်းသွားခြင်း သုံးခု အကျုံးဝင်သော NY State of Health အစီအစဉ်များကို ကျွန်ုပ်တော် မည်သို့ရှာဖွေရမည်နည်း။

အခမဲ့ သို့မဟုတ် ဈေးသက်သာသော ဖျားနာ၍ ဆေးခန်းသွားခြင်း သုံးခု ပေးအပ်သည့် ကျန်းမာရေးအစီအစဉ်များကို ကောင်တီတိုင်းတွင် ရနိုင်ပါသည်။

ပိုမို လေ့လာရန်-

- NY State of Health အစီအစဉ် ဝယ်ယူမှုနှင့် နှိုင်းယှဉ်မှု ကရိယာကို nystateofhealth.ny.gov တွင် ကြည့်ပါ
    - အစီအစဉ်အမည်တွင် "ST3PCP" ပါသည့် အစီအစဉ်များကို ရှာပါ။
- NY State of Health အသိအမှတ်ပြုလက်မှတ်ရ အမည်စာရင်းသွင်းမှု အခမဲ့ကူညီပေးသူထံ သွားရောက်ပါ။ သင့်ကွန်မြူနတီတွင် ရှာဖွေရန်-
    - info.nystateofhealth.ny.gov/findassistor တွင် ကြည့်ပါ
- ကျွန်ုပ်တော်တို့ကိုခေါ်ပါ 1-855-355-5777, TTY: 1.800.662.1220.

1. ဖျားနာ၍ ဆေးခန်းသွားခြင်းများတွင် မိသားစု ဆေးပညာ၊ ကုသမှု ဆေးပညာ၊ ကလေး ဆေးပညာ၊ သားဖွား၊ မီးယပ် သို့မဟုတ် ပြင်ပလူနာ စိတ်ကျန်းမာရေး သို့မဟုတ် အမူအကျင့် ဆေးပညာ သို့မဟုတ် မူးယစ်ဆေးဝါး အလွဲသုံး ဝန်ဆောင်မှုများတွင် အထူးပြုထားသော ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးသူများထံသို့ သွားခြင်းများ ပါဝင်ပါသည်။

2. ဓာတ်ခွဲခန်း စမ်းသပ်မှုများကဲ့သို့ အချို့ဝန်ဆောင်မှုများကို ဖျားနာ၍ ဆေးခန်းသွားခြင်းအတွင်း ပြုလုပ်နိုင်ပြီး စရိတ်မျှဝေပေးရေး သို့မဟုတ် သင့်နှုတ်လျှော့မှုများတွင် ရောက်သွားနိုင်သည်။